ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ခနောင်အရှေ့ကျေးရွာ၊ ခနောင်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ..... ၂

၂။ခနောင်အရှေ့ကျေးရွာအုပ်စုမြေပုံ ..... ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ..... ၄

၄။ကျေးရွာအခြေခံအချက်အလက်များ ..... ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ..... ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..... ၂၂

၈။ကျေးရွာကော်မတီစာရင်း ..... ၂၃


၉။ပုံစံ-၁။ကျေးရွာအချက်အလက် ..... ၂၄

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..... ၂၇


၁၁။အစည်းအဝေးမှတ်တမ်းများ ..... ၃၀

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ..... ၃၆

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ခနောင်အရှေ့ကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ခနောင်အရှေ့ကျေးရွာ

၂။ ခနောင်အနောက်ကျေးရွာ

၃။ဘုံလုံကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ခနောင်အရှေ့ကျေးရွာ သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် မနီးမဝေးမှာရှိသောရွာတစ်ရွာဖြစ်ပါသည်။ခနောင်အရှေ့ကျေးရွာစတင်ဖြစ်ပေါ် လာခဲ့သည်မှာပေါက်ကံရာမတိုင်းသထုံမနုဟာမင်းတို့စစ်မက်ဖြစ်ပွားရာမှပေါက်ကံရာမမင်းစစ်ရှုံးကာမိဘုရားကြီးမက္ကနံသည်တပ်မှူးဦးသီလ၊မုဆိုးကြီးဦးဒီပတို့နောက်လိုက်ဗိုလ်ပါများထွက်ပြေးတိမ်းရှောင်ထွက်ပြေးလာရာမှော်ဂန်းမြစ်အတိုင်းစုန်ဆင်းလာခဲ့ပြီးယခုခနောင်ချောင်း၏အရှေ့ဘက်ကမ်းနဖူးဘုံလုံကျေးရွာအရောက်တွင်ပုန်းရှိုးကွယ်ရှိုးဖြင့်နေထိုင်ခဲ့ရသည့်အတွက်ပုန်းရှိုးရွာဟုအမည်တွင်ရာမှနောင်ခေတ်ကာလကြာလာသည်နှင့်အမျှဘုံလုံရွာဖြစ်လာခဲ့သည်။မက္ကနံမိဘုရာကြီးသည်ရေကြည်ရာမြက်နုရာနေထိုင်ရင်းပုန်းရှိုးရွာ၏တောင်ဘက်(၁)မိုင်ခန့်အရောက်တွင်ကနံရွာကိုတည်၍နေထိုင်ခဲ့ပြီးနောင်ခေတ်ကာလကြာလာသည်နှင့်အမျှခနောင်ရွာဟုခေါ် တွင်ခဲ့လေသည်။ခနောင်အရှေ့ကျေးရွာသည်ကျောက်တန်းမှအရှေ့ဘက်(၁၆)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။

ခနောင်အရှေ့ကျေးရွာသည်လယ်ယာစိုက်ပျိုးနိုင်သည့်မြေနိမ့်လွင်ပြင်ဒေသဖြစ်ပါသည်။ခနောင်အရှေ့ကျေးရွာသည်အဓိကစီးပွားရေးအနေဖြင့်စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအဓိကလုပ်ကိုင်စားသောက်ကြပါသည်။အဓိကစိုက်ပျိုးသီးနှံများမှာစပါးနှင့်ပဲများဖြစ်ပြီးမွေးမြူရေးမှာဆိတ်၊ဂက်၊ဘဲတို့ကိုမွေးမြူကြပါသည်။

ခနောင်အရှေ့ကျေးရွာနှင့်နယ်နိမိတ်ချင်းထိစပ်နေသောရွာများမှာအရှေ့ဘက်တွင်မြကိုင်းကျေးရွာ၊အနောက်ဘက်တွင်မင်္ဂလွန်းကျေးရွာနှင့်အစဲကျေးရွာ၊တောင်ဘက်တွင်ဘိုးဘနှင့်နရွဲချောင်ကျေးရွာ၊မြောက်ဘက်တွင်တံတားမြို့နှင့်စင်မကော်ကျေးရွာတို့ဖြစ်ပါသည်။ခနောင်အရှေ့ကျေးရွာသည်ကျောက်တန်းမြို့နယ်နှင့်၂၂မိုင်ခန့်ကွာဝေးပါသည်။လယ်ယာစိုက်ပျိုးရေး နှင့် မွေးမြူရေးကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီကြပါသည်။ခနောင်ကျေးရွာတွင်တရုတ်လူမျိုး၊ဟိန္ဒူလူမျိုးနှင့်ဗမာလူမျိုးအများစုနေထိုင်ကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| တရုတ် | ၁၀ | ၁၅ | ၂၁ | ၃၆ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၀ | ၂၀ | ၂၉ | ၄၉ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၀ | ၀ | ၀ | ၀ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲတီစိမ်း | ဝက် | ဆန်စက် | |
| | ဆိတ် | | |
| | ဘဲ | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၀၂၁၄ | | | | ၁ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၇ | | ၂ | | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | ၂ | - | ၃၀ | ၄၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၅၀ | ၁၈ | ၇ | ၆၀ | ၇ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၄-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၀ | ၂၃ | ၄၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၄-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၀ | ၂၃ | ၄၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၁၄-၂-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၂၀ | ၂၃ | ၄၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၄-၂-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၀ | ၂၃ | ၄၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၄-၂-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၀ | ၂၃ | ၄၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄-၂-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၂၀ | ၂၃ | ၄၃ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



### သုံးသပ်ချက်

ခနောင်အုပ်စု၊ ခနောင်အရှေ့ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက်နယ်မြေအဆုံးတွင် တည်ရှိပြီးအိမ်ထောင်စု(၁၃၈)စုကျား(၂၄၁)မ(၂၃၀)ဖြင့်တည်ရှိနေသောကျေးရွာတရွာဖြစ်ပါသည်။အသက်မွေးဝမ်းကြောင်းအနေဖြင့်လယ်ယာလုပ်ငန်း၊စပါးနှင့်ပဲ၊မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ဟိန္ဒူအုပ်စုဟိန္ဒူလူမျိုးများကကျေးရွာအတွင်းနေရာအနှံ့တွင်နေထိုင်ကြပါသည်။လူနည်းစုအုပ်စု၊ထိခိုက်လွယ်သောအုပ်စုများမှာရွာ၏တောင်ပိုင်းတွင်နေထိုင်ကြပါသည်။ခနောင်ကျေးရွာတွင်ဆေးပေးခန်းတစ်ခန်း၊ရေကန်ရှစ်ကန်၊ဘုန်းကြီးကျောင်းသုံးကျောင်း၊မီးထရန်စဖာပုံးတပုံး၊မူကြိုကျောင်းတစ်ကျောင်း၊စာကြည့်တိုက်တခု၊ဖုန်းရုံးတစ်ရုံး၊စာသင်ကျောင်းတစ်ကျောင်းတို့ရှိပါသည်။ကျေးရွာတွင်စေတီများလည်းရှိပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း။




**သုံးသပ်ချက်**

ခနောင်အရှေ့ကျေးရွာတွင် ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါး ၊အလွန်နွမ်းပါးဟူ၍ လူမှုအဆင့် (၄)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာအိမ်၊ လယ်-၂၅ ဧကအထက်၊ ထွန်စက်၊ လယ်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ရွှေနွားပုံ၊သွပ်မိုးပျဉ်ကာ၊ပျဉ်ခင်းနှင့်စိုက်ပျိုးရေးလုပ်ငန်းများအားပိုင်ဆိုင်လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ(၃၀)စုနှင့်ရာခိုင်နှုန်းမှာ(၆%)ရှိပြီး၊အလယ်အလတ်အဆင့်တွင်ဓနိမိုး၊ထရံကာအိမ်၊ကြမ်းခင်း၊ လယ်၅ဧကအထက်၊လက်တွန်းထွန်စက်၊ရွှေနွားပုံစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုမှာ(၁၀၀)စုနှင့်ရာခိုင်နှုန်းမှာ(၁၈%)နှင့်နွမ်းပါးသောအဆင့်မှာအိမ်မှာသွပ်၊ထရံ၊လက်လုပ်လက်စား၊တီဗီ၊ဖုန်း၊ဆိုင်ကယ်တို့ကိုပိုင်ဆိုင်သောအိမ်ထောင်စုမှာ(၁၅၀)စုရာခိုင်နှုန်းမှာ(၂၇%)နှင့်အလွန်နွမ်းပါးသောအဆင့်မှာအိမ်မှာဓနိမိုး၊ထရံကာ၊လက်လုပ်လက်စား၊ကျပန်း၊ဖုန်း၊စက်ဘီးတို့ကိုပိုင်ဆိုင်ပြီးအိမ်ထောင်စုမှာ ၂၆၇စုနှင့်(၄၉%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းအလွန်နွမ်းပါးရခြင်းမှာလယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။**



**သုံးသပ်ချက်**

**ရာသီဉတု** တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း ၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဉတုသာယာပါသည်။

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကိုနတ်တော်လတွင် သီးထပ် စိုက်ပျိုးကြပါသည်။ပြာသိုလတွင်ပြန်လဲခူးရပါသည်။

**မွေးမြူရေး**

မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက်ဘဲ၊ဆိတ်၊ဝက်တို့ကိုမွေးမြူကြပါသည်။ရာသီအလိုက်အချိန်ရှိသရွေ့မွေးမြူကြပါသည်။

**ကျန်မာရေး**

ရာသီဥတုပြောင်းလဲမှုကြောင့်၊ကဆုန်လတွင်သွေးလွန်တုတ်ကွေးဖြစ်ခြင်း၊တော်သလင်း၊သီင်းကျွတ်လများတွင်ဖျားနာဖြစ်လေ့ရှိပါသည်။

**ဝင်ငွေရရှိမှု**

ဂါဆို၊ဂါခေါင်၊တန်ဆောင်မုန်း၊တပို့တွဲ၊တပေါင်းလများတွင်ဝင်ငွေရရှိပြီးကျန်လများတွင်ဝင်ငွေရရှိမှုနည်းပါသည်။

**ပွဲတော်များ**

တန်ခူးလတွင်ဘုရားပွဲ၊ကဆုန်လတွင်ညောင်ရေသွန်းပွဲ။တော်သလင်း၊သီတင်ကျွတ်လတွင်ဆွမ်းတော်တင်ပွဲ၊တန်ဆောင်မုန်းလတွင်ကထိန်ပွဲ၊တပို့တွဲလဘုရားပွဲတွင်ရှိကြပြီးကျန်လများတွင်အားလပ်နေပါသည်။

**သောက်သုံးရေရရှိမှု** တန်ခူး၊ကဆုန်၊တပေါင်းလများတွင်နည်းပါးပြီးကျန်လများတွင်ဖူလုံမှုရှိပါသည်။

**အစာရေစာဖူလုံမှု**

တန်ခူး၊ကဆုန်လများတွင်အသင့်အတင့်ဖြစ်ပြီးဂါဆို၊ဂါခေါင်တွင်နည်းပါး၍ကျန်လများတွင်ဖူလုံမှုရှိပါသည်။


## ၄။ ဗင်းပုံစံသုံးသပ်ချက်။



## သုံးသပ်ချက်

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖအဖွဲ့၊နာရေးကူညီမှုအသင်းပရဟိတအဖွဲ့၊ကာလသားခေါင်းအဖွဲ့တို့သည်အမျိုးသမီးများ၏အခက်အခဲကိုဖြေရှင်းပေးပြီးကျေးရွာ၏ဖွံ့ဖြိုးရေးမြင့်မားအောင်ပူးပေါင်းဆောင်ရွက်ကြသည်ကိုတွေ့ရှိရပါသည်။ပရဟိတအဖွဲ့၊ဂေါပကအဖွဲ့၊ဂုတ်အဖွဲ့တို့ကျေးရွာ၏သာသနာရေးတိုးတက်အောင်ဆောင်ရွက်လျက်ရှိပါသည်။ပက်မြန်မာအဖွဲ့သည်ကျေးရွာလူထု၏ငွေကြေးအခက်အခဲများကိုငွေချေးခြင်းဖြင့်ဖြေရှင်းပေးပါသည်။မီးသတ်အဖွဲ့သည်လဲကျေးရွာ၏စောင့်ရှောက်ရေးကိုတာဝန်ယူဆောင်ရွက်ပေးပါသည်။ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်ကျန်းမာရေးအဖွဲ့၊မြို့နယ်ဆက်သွယ်ရေးအဖွဲ့၊မြို့နယ်ကျေးလက်အဖွဲ့၊မြို့နယ်စာတိုက်အဖွဲ့အစည်းများနှင့်ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲတွေ့ရှိရပါသည်။

### ၅။ ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ချက်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာမြန်မာ့ထုံးတမ်းအစဉ်လာအရအမျိုးသားများကသာဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်


**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသမီးများက အမျိုးသားများထက်ပိုမိုပြီး အိမ်မှုကိစ္စအပေါ်တွင် ပါဝင်ဆောင်ရွက်ရသည်ကို
တွေ့ရှိရပါသည်။အမျိုးသားများကပိုက်ဆံပိုရှာနေရသောကြောင့်ဖြစ်ပါသည်။


**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်း အမျိုးသမီးများသည် အလုပ်အကိုင် အခွင့်အလမ်းရရှိမှုမှာ အနည်းငယ်ရှိပြီးအမျိုးသားများကပိုပြီးအားသာသည်ကိုတွေ့ရှိရပါသည်။

**ပညာရေးပါဝင်မှု** အမျိုးသားများက အမျိုးသမီးများထက် ပိုအားသာသည်ကို တွေ့ရှိရပါသည်။ရေးရိုးအစဉ်အလာများကြောင့်အမျိုးသမီးများကချန်လှပ်ခြင်းခံရပါသည်။

**ငွေရရှိမှု** အမျိုးသမီးများသည်ဝင်ငွေရရှိမှုမှာ အမျိုးသားများထက်ပို၍နည်းနေ သည်ကို တွေ့ရှိရပါသည်။အမျိုးသမီးများမှာအိမ်မှုကိစ္စတွင်သာအချိန်ပေးနေရသောကြောင့်ဖြစ်ပါသည်။

ဓါ။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။





## သုံးသပ်ချက်

### ထိန်းချုပ်မှု

ကျေးရွာ၏အရင်းအမြစ်များဖြစ်သောကားဆိုင်ကယ်၊ဘောလုံးကွင်း၊လယ်ကွင်း၊ရေလုပ်ငန်း၊လယ်ထွန်စက်၊လက်တွန်းထွန်စက်၊လှေ၊ဆန်စက်၊စာသင်ကျောင်းနှင့်အုပ်ချုပ်ရေးမှူးရုံးစသည့်အရင်းအမြစ်များကိုအမျိုးသားများမှထိန်းချုပ်ထားပါသည်။ဈေးဆိုင်၊အပ်ချုပ်စက်၊မွေးမြူရေး၊ခေါင်းညှပ်ဆိုင်နှင့်နတ်နန်းစင် အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီးနှစ်ဦးလုံးထိန်းချုပ်ထားသောအရင်းအမြစ်များမှာဘုန်းကြီးကျောင်း၊စာတိုက်၊စာကြည့်တိုက်၊ဆက်သွယ်ရေးရုံးနှင့်မူကြိုကျောင်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

### အသုံးပြုမှု

ကျေးရွာ၏အရင်းအမြစ်ဖြစ်သောကား၊ဆိုင်ကယ်၊ဘောလုံးကွင်း၊လယ်ကွင်း၊ရေလုပ်ငန်း၊လယ်ထွန်စက်၊မြစ်ချောင်း၊လှေနှင့်ဆန်စက်စသည်တို့ကိုအမျိုးသားများအသုံးပြုပြီးဈေးဆိုင်၊အပ်ချုပ်စက်၊မွေးမြူရေး၊ခေါင်းညှပ်ဆိုင်နှင့်နတ်နန်းစင်စသည်တို့ကိုအမျိုးသမီးများသာအသုံးပြု၍အမျိုးသား/အမျိုးသမီးနှစ်ဦးလုံးအသုံးပြုသောအရင်းအမြစ်များမှာစာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊အုပ်ချုပ်ရေးမှူးရုံး၊ကျန်းမာရေး၊ဆေးခန်း၊စာကြည့်တိုက်၊စာတိုက်၊ဆက်သွယ်ရေးရုံးနှင့်မူကြိုကျောင်းတို့ကိုအသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၁၇.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ | √ | | |

| | | | | |
|---|---|---|---|---|
| | အမျိုးသား အချိုးညီမျှစွာ (၅၀ ႏ ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ





ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ





လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအောင်ခင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်နှင်းဝေဦး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဝင်းထွန်းကျော် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးတင်ရွှေ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဒေါ်စန်းစန်းဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးစိန်မြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ဇင်မာအောင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ဇင်မာဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးထွန်းရွှေ | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်နီနီလှိုင် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးအေးမင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ငွေးငွေးစန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးကျော်ဇင်ထွန်း | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၄ | ဦးတင်ရဲဇော် | ကျား | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီခေါင်းဆောင် |
| ၁၅ | ဒေါ်ဝင်းသီတာ | မ | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၆ | ဒေါ်သန်းသန်းနိုင် | မ | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၈ ယောက် + မ- ၈ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးအောင်ခင်　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်နှင်းဝေဦး　ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ခင်မာလာမင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၇.၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဇော်လင်း | ၀၉-795218400 | ဒေါ်ခင်မာလာမင်း |

ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန် ကျေးရွာအုပ်စု ခနောင် | ကျေးရွာ ခနောင်အရှေ့

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၃၇ | ဘာသာ (၁) ဗုဒ္ဓ | ၅၃၇ |
| လူမျိုးစု (၂) တရုတ် | ၁၀ | ဘာသာ (၂) ---- | ၁၀ |
| လူမျိုးစု (၃) ---- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၆ | – | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၀၁၀ | ၆၈၀ |
| လူမျိုးစု (၁)--ဗမာ | ၆၆၅ | ၆၅၆ |
| လူမျိုးစု (၂)-တရုတ် | ၁၅ | ၂၁ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၄၀ | ၆၇ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | [illegible] | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | [illegible] | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် အရံသားများ၊ ကျန်းမာရေးလုပ်သား (စေတနာ့ဝန်ထမ်း) | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (circled) မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ (circled: မရှိပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------၁၅ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ — နာဂစ်

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အုပ်ချုပ်ရေး၊ ၁၀ တ်အဖွဲ့၊ ကလသာ: ဒေါ်ဧ: အဖွဲ့၊ နာရေး ကူညီမှု၊ ပရဟိတ၊

(၂) မြစ်ပတ်ပြန်မာ၊ ဂေါပက၊ မြို့နယ်အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ ကျန်းမာရေးအဖွဲ့၊ မြို့နယ်ဆက်သွယ်ရေး အဖွဲ့၊ မြို့နယ် စာတိုက်အဖွဲ့၊

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဇော်လင်း

လက်မှတ် ဇော် နေ့စွဲ ၁၃၊၂၊၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မာလာမင်း

လက်မှတ် နေ့စွဲ ၁၃၊၂၊၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| |
|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ဖြည့်စွက်အောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ခင်မာလာမြင့် |
| နေ့စွဲ ၂၃.၂.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |
| ပြည်နယ် / တိုင်း ရန်ကုန်တိုင်း — မြို့နယ် ကျောက်တန်း — ကျေးရွာအုပ်စု ခနောင် — ကျေးရွာ ခနောင်အရှေ့ |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သွားလာရခက်ခဲခြင်း | ၁ | ပညာရေး ခက်ခဲခြင်း |
| ၂ | ကျန်းမာရေး ခက်ခဲခြင်း | ၂ | ကျန်းမာရေး ခက်ခဲခြင်း |
| ၃ | ပညာရေး ခက်ခဲခြင်း | ၃ | သွားလာရခက်ခဲခြင်း |
| ၄ | လျှပ်စစ်မီး ခက်ခဲခြင်း | ၄ | လျှပ်စစ်မီး ခက်ခဲခြင်း |
| ၅ | လက်မှုအတတ်ပညာနည်းပါးခက်ခဲခြင်း | ၅ | အသိပညာဗဟုသုတနည်းပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသားအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အခက်အခဲရှိသောလမ်းများကောင်းခြင်း | ၁ | တံတားများ ကောင်းလာခြင်း |
| ၂ | တံတားများ ကောင်းလာခြင်း | ၂ | ပညာရေး တိုးတက်လာခြင်း |
| ၃ | ကျန်းမာရေး ဆေးခန်း တိုးတက်လာခြင်း | ၃ | ကျန်းမာရေး ဆေးခန်း တိုးတက်လာခြင်း |
| ၄ | ပညာရေး တိုးတက်လာခြင်း | ၄ | အလုပ်အကိုင်များ များရရှိလာခြင်း |
| ၅ | အလုပ်အကိုင်များ များရရှိလာခြင်း | ၅ | လမ်းများ ကောင်းမွန်လာခြင်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုး တိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ကောင်းပိုင်းဒီရီလမ်းပြုပြင် | အမျိုးသား + အမျိုးသမီး | ၁၄၈၀၀၀၀၀ | ၁၉၉၀ |
| ၂ | ရိုးကုတ လမ်းပြုပြင် | အမျိုးသား + အမျိုးသမီး | ၁၂၈၀၀၀၀၀ | ၁၉၉၀ |
| ၃ | ကောင်းပိုင်းရေကန်[illegible] | အမျိုးသား + အမျိုးသမီး | ၃၅၀၀၀၀၀ | ၁၉၉၀ |
| ၄ | ကန်သာယာ အရှောက်[illegible] | အမျိုးသား + အမျိုးသမီး | ၁၅၅၀၀၀၀၀ | ၁၉၉၀ |
| ၅ | မြောက်ပိုင်း ဒွာဥသို့လမ်းပြုပြင် | အမျိုးသား + အမျိုးသမီး | ၃၃၀၀၀၀၀ | ၁၉၉၀ |

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း | ၁ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း |
| ၂ | အသိပညာဗဟုသုတနည်းပါး ခက်ခဲခြင်း | | |

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| (၁) | အားကစားကွင်းများကောင်းမွန်လာခြင်း | ၁ | စက်ချုပ်သင်တန်းများ တိုးတက်လာခြင်း |
| (၂) | ရွာတွင်းလမ်းများအား ကောင်းမွန်လာခြင်း | ၂ | လက်မှုပညာများ တတ်မြောက်လာခြင်း |

| အစဉ် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ / အမျိုးသမီးများ / အမျိုးသား + အမျိုးသမီး) | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ၆ | ကန်ဘောင်ပေါ်ကားသွားလမ်းနှင့်လမ်းခွဲပြုပြင် | အမျိုးသား + အမျိုးသမီး | ၁၃၇,၀၀၀၀၀ | ၁၉၉၀ |
| ၇ | မြောက်ပိုင်းကန်ပြုပြင်ခြင်းနှင့်ဖြန့်ဝေသည်းကျိုး | အမျိုးသား | ၅၀ ၀၀၀၀၀ | ၁၉၉၀ |
| ၈ | ကျောက်စီလမ်းပြုပြင် | အမျိုးသား + အမျိုးသမီး | ၉၀ ၀၀၀၀၀ | ၁၉၉၀ |
| ၉ | ရွာလယ်ကျောင်းမှ အရှေ့ပိုင်းသို့ ကတ္တရာလမ်း | အမျိုးသား | ၁၂၀၀၀၀၀၀ | ၁၉၉၀ |
| ၁၀ | ကန်သစ်ကြီး ဖြန့်ဝေသည်းကျိုး ပြုလုပ်ခြင်း | အမျိုးသား | ၄၀ ၀၀၀၀၀ | ၁၉၉၀ |
| ၁၁ | ကန်ကြီးဖြန့်ဝေသည်းကျိုးခတ်ရန် | အမျိုးသမီး | ၃၆ ၀၀၀၀၀ | ၁၉၉၀ |
| ၁၂ | ကျေးရွာ အားကစားကွင်း | အမျိုးသား | ၄၀၀၀၀၀၀ | ၁၉၉၀ |
| ၁၃ | ဆေးခန်းပြန်လည်ပြုပြင်၊ ဖြန့်ဝေသည်းကျိုး | အမျိုးသား | ၅၀ ၀၀၀၀၀ | ၁၉၉၀ |
| ၁၄ | ပုရနုလမ်းမှ ကားလမ်းသို့ ကတ္တရာလမ်း | အမျိုးသား | ၇၀ ၀၀၀၀၀ | ၁၉၉၀ |
| ၁၅ | စာသင်ကျောင်းအား ကစားကွင်း | အမျိုးသမီး | ၃၅ ၀၀၀၀၀ | ၁၉၉၀ |
| ၁၆ | စာသင်ကျောင်းပြုပြင် | အမျိုးသမီး | ၆၀ ၀၀၀၀၀ | ၁၉၉၀ |
| ၁၇ | မူကြိုကျောင်းပြုပြင် | အမျိုးသမီး | ၆၀၀၀၀၀၀ | ၁၉၉၀ |
| ၁၈ | စာကြည့်တိုက်ပြုပြင် | အမျိုးသမီး | ၅၀ ၀၀၀၀၀ | ၁၉၉၀ |
| ၁၉ | နိဗ္ဗာလမ်းခွဲပြုပြင် | အမျိုးသား | ၇၈ ၀၀၀၀၀ | ၁၉၉၀ |
| ၂၀ | ဈေးရုံတည်ဆောက်ရန် | အမျိုးသား + အမျိုးသမီး | ၆၅ ၀၀၀၀၀ | ၁၉၉၀ |
| ၂၁ | ဆေးရုံတည်ဆောက်ရန် | အမျိုးသမီး | ၄၅၀၀၀၀၀ | ၁၉၉၀ |

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ / အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၆ | နာရေးကူညီမှုအသင်းရရှိရေး | အမျိုးသား | |
| ၇ | မြအေးရုံဘုရား ပြုပြင်ရန် | အမျိုးသမီး | |
| ၈ | စက်ချုပ်သင်တန်းဖွင့်ပေးရန် | အမျိုးသမီး | |
| | | | |
| | | | |
| | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဟင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မီးမလင်းသောအိမ်များ မီးလင်းရေး | အမျိုးသား | |
| ၂ | လျှပ်စစ်မီးတိုင်များ ရရှိရေး | အမျိုးသား + အမျိုးသမီး | |
| ၃ | လမ်းမီးတိုင်မီးလင်းရေး | အမျိုးသား + အမျိုးသမီး | |
| ၄ | အမျိုးသားများ လုပ်ငန်းရရှိရေး | အမျိုးသား | |
| ၅ | ဖြူဖြူစင်သမျှလမ်း ကားအဝင်အထွက်ရှိရေး | အမျိုးသား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-- ဦးအောင်ခင် ------ လက်မှတ်-------------------------- နေ့စွဲ------ ၂၃.၂.၂၀၁၇ ------

လူထုဖော်ဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ခနောင်အရှေ့ ။

ကျေးရွာအုပ်စု ခနောင် ။

အစည်းအဝေးပြုလုပ်သည့်နေရာ ရွာလယ်ကျောင်းကြီး ဓမ္မာရုံ ။

အစည်းအဝေးပြုလုပ်သည့်နေ့ရက် 13 . 2 . 2017

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ပထမအကြိမ် စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကျေးရွာစေတနာဝန်ထမ်းရွေးချယ်ခြင်း ။

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၇၁ )ဦး ၊မ ( ၁၄၅ )ဦး= ( ၃၁၅) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာလူထုမှ လူထုဖော်ဟိုပြု စီမံကိန်း အကြောင်း သိရှိရန်၊ အဓိကတာဝန်၊ ဝတ္တရားများ သိရှိရန်နှင့် ကျေးရွာစေတနာဝန်ထမ်း ရွေးချယ်ရန်။

ဆွေးနွေးချက် ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လင်း မှ အမှာစကား ပြောကြားခဲ့ပါသည်၊ စီမံကိန်း အကြောင်း ပြောကြား၍ ကျေးရွာလူထုအား စီမံကိန်း အကြောင်း သိသင့်သည်များကို ပြောကြား၍ ခနောင်အရှေ့ ကျေးရွာတွင် အိမ်ခြေ ၃၁၅ အိမ် ဘုန်းကြီးကျောင်း (၃) ကျောင်း၊ စေတီ (၂) ဆူ၊ စာသင်ကျောင်း (၁) ကျောင်း ရှိပါသည်၊ ကျေးရွာလူထုအား လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူး တို့မှ မိတ်ဆက်ခဲ့ပါသည်၊ ဒေါ်မနီးသူအောင်မှ ကျေးရွာလူထုအား အဆင့်ဆင့် ပြောကြားခဲ့ပါသည်၊ စီမံကိန်း၏ လုပ်ဆောင်ပုံအဆင့်ဆင့်ကို ပြောကြားခဲ့ပါသည်၊ လူထုစည်းရုံးရေးမှူး နှင့် လက်ထောက် နည်းပညာမှူး တို့သည် စီမံကိန်းနှင့် ပတ်သက်သော စီမံကိန်း မိတ်ဆက် (၁၅) ချက်၊ စီမံကိန်း စက်ဝန်း အဆင့် (၁၄) ဆင့်၊ အပိုင်း (၆) ပိုင်း၊ လူထုဖော်ဟိုပြု စီမံကိန်း၏ အဓိကပါဝင်သူများ၏ တာဝန်များ၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း တို့ဖြစ်ပါသည်၊ စီမံကိန်းတွင် အဓိကတာဝန်ရှိသူများ နှင့် တာဝန်ဝတ္တရား များကိုလည်း ကျေးရွာလူထုအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်၊ တာဝန်ရှိသူ တို့၏ အခန်းကဏ္ဍကို ရှင်းလင်း ပြောကြားခဲ့ပါသည်၊ ရှင်းလင်း ပြောကြားပြီး ကျေးရွာစေတနာ

ဆွေးနွေးချက်

ဝန်ထမ်းရွေးချယ်ရာတွင် သိရှိလိုက်နာမည့် တာဝန်ဝတ္တရားများကိုလည်း ရှင်းလင်းပြော ကြားခဲ့ပါသည်။ ရှင်းလင်းပြောကြားပြီးတွင် ကျေးရွာစေတနာဝန်ထမ်းရွေးချယ်ရာတွင် သိရှိလိုက်နာရမည့်တာဝန်ဝတ္တရားများကိုလည်း ဖတ်ပြခဲ့ပါသည်။ ဆောင်ရန်ရှောင်ရန် များကိုလည်း ဖတ်ပြခဲ့ပါသည်၊ ကျေးရွာလူထုအား သဘောကျနှစ်သက်သူကို အဆိုပြုတင် သွင်းခဲ့ရာ အမျိုးသား (၃)ဦး (၁)ဦးသက်မောင် (၂)ဦးဘိုနိုင် (၃)ဦး ဇေးမင်း တို့တွင် ဦးဇေးမင်း တို့ဖြင့် အနိုင်ရရှိခဲ့ပါသည်၊ အမျိုးသမီး (၃)ဦး အဆိုပြုတင်သွင်းရာ တွင် (၁)ဒေါ်မြင့်မြင့်ဝင်း (၂)ဒေါ်ကြွယ်ကြွယ်မြင့် (၃)ဒေါ်ဝေဝေစန်း တို့တွင် ဒေါ်ဝေဝေစန်း တအနိုင်ရခဲ့ပါသည်၊

ဆုံးဖြတ်ချက်။ ။ အစည်းအဝေးတွင် ကျေးရွာလူထုကို စီမံကိန်းအကြောင်းကို ကောင်းမွန်စွာရှင်းလင်းပြီး အဆင့်ဆင့် ပြောကြားပြီး ကျေးရွာလူထု၏ သဘောဆန္ဒအော နာဝန်ထမ်း ဘယ်လောက်ထားမည် မေးမြန်းခဲ့ပါသည်။ စေတနာဝန်ထမ်းကို ကျေးရွာ လူထု သဘောဆန္ဒဖြင့် (၂)ဦး ထားရှိခဲ့ပါသည်။ မဲစနစ်ဖြင့် အနိုင်ရရှိသူ (၂)ဦးအား စေတနာဝန်ထမ်း အဖြစ် ကျေးရွာလူထုက တာဝန်ပေးရန် ဆုံးဖြတ်ချက်ဖြင့် သဘော တူခဲ့ပါသည်။ အစည်းအဝေးကို နေ့လည် (၁၁)နာရီမှ စတင်၍ ညနေ (၃)နာရီမှာ ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - ဇေး

အမည် - ဦးဇေးမင်း

ရာထူး - ကျေးရွာအကျိုးထမ်း

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ခနောင်အရှေ့။

ကျေးရွာအုပ်စု ခနောင်။

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုရားလယ်ကျောင်းကြီးဓမ္မာရုံ။

အစည်းအဝေးပြုလုပ်သည့်နေ့ရက် 17.2.2017

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ဒုတိယအကြိမ်အစည်းအဝေးပြုလုပ်ခြင်းနှင့် ကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၂)ဦး ၊မ (၉၂)ဦး= (၁၁၄) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာအတွင်းတွင် လုပ်ငန်းစဉ်များ ထွက်ပေါ်ရန်နှင့် စီမံကိန်း အကောင်အထည်ဖော်နိုင်ရန် အတွက် ကျေးရွာလူထုကိုရှင်းပြခဲ့ပါသည်၊

ဆွေးနွေးချက် ။ ။ ကျေးရွာ လူထုဗဟို အခက်အခဲ ပြဿနာများ ကိုအမျိုးသား နှင့် သမီး တစ်ဖွဲ့ချင်းစီ လုပ်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစော်လင်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ပထမဦး ကျေးရွာစီမံကိန်း အထောက်အကူပြု ခေါင်းဆောင်ရွေးချယ်ရာတွင် ကျား (၃)ဦး အဆိုပြုရာတွင် (၁)ဦး အောင်ခင် ၂၁ ဦးမိုးသီ (၃၁)ဦးစိန်မြင့် ကိုအဆိုပြုတင်သွင်းရာတွင် ဦးအောင်ခင် ကရရှိခဲ့ပါသည်။ အမျိုးသမီး ကို အဆိုပြုရာတွင် ဒေါ်နှင်းဝေဦး ၂၁ ဒေါ်စင်မာဦး (၃၁ ဒေါ်စင်မာအောင် အဆိုပြုရာတွင် ဒေါ်နှင်းဝေဦး ကရရှိခဲ့ပါသည်။ ကျေးရွာငွေစာရင်းကိုင် ရွေးချယ်တွင် (၁)ဦး ကျော်ဇင်ထွန်း ၂၁ ဦးသိန်းဇော် (၃၁)ဦးတင်ရဲဇော် တို့အဆိုပြုရာတွင် ဦးကျော်ဇင်ထွန်း က ရရှိခဲ့ပါသည်။ ဝယ်ယူရေး ကော်မတီ ရွေးရာတွင် (၁)ဦး ဝင်းကျော်ထွန်း ၂၁ ဦးတင်ရွှေ (၃၁) ဦးကျော်သက်နိုင် (၄၁) ဦးကျော်သက်ဦး တို့အဆိုပြုရာတွင် ဦးဝင်းကျော်ထွန်းနှင့် ဦးတင်ရွှေ တို့ ကရရှိခဲ့ပါသည်။ အမျိုးသမီး ကို

ဆွေးနွေးချက် ။ ။ အဆိုပြုရာတွင် (၁) ဒေါ်စန်းစန်းဝင်း (၂) ဒေါ်ဝင်းသီတာ (၃) ဒေါ်ဇင်မာအောင်တို့ အဆိုပြုရာတွင် ဒေါ်စန်းစန်းဝင်း ကရရှိခဲ့ပါသည်။ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးတွင် အမျိုးသားများက အဆိုပြုရာတွင် (၁) ဦးတင်ရဲဇော် (၂) ဦးသန်းထွန်း (၃) ဦးကျော်မြင့် တို့ အဆိုပြုရာတွင် ဦးတင်ရဲဇော် ကရရှိခဲ့ပါသည်။ (၁) ဒေါ်ဝင်းသီတာ (၂) ဒေါ်သန်းသန်းနိုင် (၃) ဒေါ်ဇင်မာအောင် (၄) ဒေါ်နီနီလှိုင်တို့က အဆိုပြုရာတွင် ဒေါ်ဝင်းသီတာ နှင့် ဒေါ်သန်းသန်းနိုင်တို့ ကရရှိခဲ့ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးတွင် အမျိုးသားများက အဆိုပြုရာတွင် (၁) ဦးသန်းထွန်း (၂) ဦးခိုင်မြင့် (၃) ဦးညီညီထွန်း တို့ အဆိုပြုရာတွင် ဦးခိုင်မြင့် ကရရှိခဲ့ပါသည်။ အမျိုးသမီးများ အဆိုပြုရာတွင် (၁) ဒေါ်ဇင်မာအောင် (၂) ဒေါ်ဇင်မာဦး (၃) ဒေါ်သဲနုဖြူ (၄) ဒေါ်ချောစု အဆိုပြုရာတွင် ဒေါ်ဇင်မာအောင် နှင့် ဒေါ်ဇင်မာဦး တို့က ရရှိခဲ့ပါသည်။ ဝေဖန်အကြံပြု ကိုယ်စားလှယ်ရွေးချယ်ရာတွင် အမျိုးသားများက (၁) ဦးထွန်းရွှေ (၂) ဦးရွှေဦး (၃) ဦးကျော်သက်နိုင် အဆိုပြုရာတွင် ဦးထွန်းရွှေ ကရရှိခဲ့ပါသည်။ အမျိုးသမီးများက အဆိုပြုရာတွင် ဒေါ်နီနီလှိုင် ကရရှိခဲ့ပါသည်။

ဆုံးဖြတ်ချက် ။ ။ ကျေးရွာသူ/သားသဘောဆန္ဒဖြင့် ကျေးရွာကော်မတီက ရွေးချယ်ခဲ့ပါသည်။ အစည်းအဝေးကို ည ၈း၁၀ နာရီမှ ည ၉း၁၀ နာရီအချိန်တွင် ပြီးဆုံးသွားပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - ဇေး

အမည် - ဦးဇေးမင်း

ရာထူး - ကျေးရွာစောကျော် ထမ်း

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ…
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - ▪ အလွန်ကောင်း
  - ▪ ကောင်း
  - ▪ ညံ့
- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ▪ ရှိ
  - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- ○ PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊